ကေအဲန်ယူ – ကရင်အမျိုးသားအစည်းအရုံး

မူတြော်(ဖာပွန်)ခရိုင်

ကော်သူးလေ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ ( CRPH ) မှ ချမှတ်လာမည့် အုပ်ချုပ်ရေး ယန္တရားအပေါ် ကေအဲန်ယူ – မူတြော်(ဖာပွန်)ခရိုင် သဘောထားထုတ်ပြန်ချက်

ရက်စွဲ – ဖေဖော်ဝါရီလ ၂၆ ရက် ၂၀၂၁ ခုနှစ်

၁။ ၂၀၂၁ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် တပ်မတော်မှ စစ်အာဏာသိမ်းသည့်အပေါ်တွင် ကေအဲန်ယူ (ဗဟို) သဘောထား ထုတ်ပြန်ချက်အတိုင်း မိမိတို့ ကေအဲန်ယူ–မူတြော်ခရိုင်မှ ရပ်တည်သည်။

၂။ စစ်အာဏာသိမ်းပြီးနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား ဖွဲ့စည်းပြီးပြည်ထောင်စုအဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ မြို့နယ်အဆင့် အုပ်ချုပ်ရေးပုံစံချမှတ်၍ အာဏာလုယူမှုအပေါ်တွင် မိမိတို့ ကေအဲန်ယူ–မူတြော်ခရိုင်အနေဖြင့် လုံးဝလက်ခံ ခြင်းမ ရှိဘဲ မိမိတို့ မူတြော်ခရိုင်နယ်မြေတွင် ချမှတ်လာမည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အုပ်ချုပ် ရေး ယန္တရား များ ကို ကန့်ကွက် သွားမည်ဖြစ်သည်။

၃။ ထို့အတူ ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီ (CRPH) မှ ချမှတ်လာမည့် အုပ်ချုပ်ရေးအစီအမံများကိုလည်း မိမိတို့ ကေအဲန်ယူ – မူတြော်ခရိုင် နယ်မြေတွင် လက်ခံမည်မဟုတ်ဘဲ နဂိုရှိထားသည့် ကော်သူးလေ အုပ်ချုပ်မှုစံနစ်အတိုင်း စီမံဆောင် ရွက်သွားမည်ဖြစ်သည်။

၄။ သို့သော်လည်း မိမိတို့ ကေအဲန်ယူ–အုပ်ချုပ်နယ်မြေ ပြင်ပဒေသတွင်ကြားကာလအုပ်ချုပ်ရေးအဖြစ် ( CRPH ) မှ လမ်းညွှန်သည့် ပြည်သူ့အုပ်ချုပ်ရေးအစီအစဉ်များကို အားပေးထောက်ခံသည်။ ထို့အတူ လိုအပ်သည့်အုပ်ချုပ်ရေးဆိုင်ရာ အစီအမံများ၊ နယ်မြေလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပညာရေး၊ ကျန်းမာရေးဆိုင်ရာ စသည့် ဝန်ဆောင်မှုလုပ်ငန်းများအပါအဝင် မိမိတို့ လိုအပ်သလိုအတတ်နိုင်ဆုံး ဝိုင်းဝန်းကူညီပံ့ပိုးသွားမည်ဖြစ်သည်။

၅။ သို့ဖြစ်ပါ၍ မိမိတို့ ကေအဲန်ယူ–မူတြော်ခရိုင်အတွင်း အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် တရားဥပဒေစိုးမိုးရေး နဂိုရှိထားသည့် ကော်သူးလေ အုပ်ချုပ်ရေးစံနစ်အတိုင်း စီမံဆောင်ရွက်သွားမည်ဖြစ်ပြီး ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ် ပေါ်ပေါက်လာသည့်အထိ ကြိုးပမ်းသွားမည်ဖြစ်ကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

အလုပ်အမှုဆောင်ကော်မတီ
ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံး
မူတြော်ခရိုင်ကော်သူးလေ

ဆက်သွယ်ရန်–
၁။ ပဒို စောမန်းမန်း–(မူတြော်ခရိုင် ပြောရေးဆိုခွင့်ရှိသူ) +၆၆ ၈၇၉၄၃၈၇၅၀